# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၈၂ ခုနှစ်၊  လ  ရက်

(၂၀၂၀ ပြည့်နှစ်၊  လ  ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဇ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) **ပြင်ပရဟန်းတော်** ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံတွင် ပါဝင်ခြင်းမရှိသည့် တက္ကသိုလ်၏ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းလိုအပ်ချက်အရ တက္ကသိုလ်သင်ကြားရေးကဏ္ဍတွင် ခန့်အပ်သည့် ရဟန်းတော်ကို ဆိုသည်။"

၃။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ကြီးဌာနသည်-

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင် ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်ဆရာတော်နှင့် ဌာနကြီးမှူးဆရာတော်များ၊ နိုင်ငံတော်အတွင်း ဩဇာတိက္ကမ ကြီးမားသည့်ဆရာတော်များ စုစုပေါင်း ၂၁ ပါးထက်မပိုသော ဆရာတော်များပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဩဝါဒါစရိယအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၄။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)၌ ပါရှိသော "ကြပ်မတ်၍"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ အစည်းအဝေးကို လိုအပ်ပါက အရေးပေါ်ခေါ်ယူကျင်းပနိုင်သည်။"

၆။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "မဟာဌာနမှူး"ဆိုသည့် စကားရပ်ကို "ဌာနကြီးမှူး"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ ကောင်စီအစည်းအဝေးကို ဩဝါဒါစရိယအဖွဲ့အစည်းအဝေး မတိုင်မီ သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။"

၈။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ဗ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဗ) ပြင်ပရဟန်းတော်များနှင့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော လူပုဂ္ဂိုလ်ပညာရှင်များကို တက္ကသိုလ်သင်ကြားရေးကဏ္ဍ၌ ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို အစည်းအဝေး အတည်ပြုချက်ဖြင့် ခန့်အပ်ခြင်း၊ လျှာဒါန်းထောက်ပံ့ခြင်း၊ ချီးမြှင့်ခြင်း၊"

၉။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ အခန်း(၆)၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား) ခန့်အပ်ခြင်း၊ ဆရာတော်များ၏ ရာထူးသက်တမ်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာများတွင် ဖြည့်စွက်ခန့်ထားခြင်း"

၁၀။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၇။ (က) ဝန်ကြီးဌာနသည် ပါမောက္ခချုပ်ကို ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ကောင်စီ၏ အတည်ပြုချက်တို့ကို ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကို ခံယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်။

(ခ) ဝန်ကြီးဌာနသည် ဒုတိယပါမောက္ခချုပ်(သင်ကြား)ကို ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့၏ ထောက်ခံချက်၊ ကောင်စီ၏ အတည်ပြုချက်တို့ကို ရယူပြီး ဩဝါဒါစရိယအဖွဲ့၏ ဩဝါဒကိုခံယူ၍ ခန့်အပ်ရမည်။

(ဂ) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ ရာထူးသက်တမ်းသည် သက်တော် ၇၀ နှစ် ပြည့်သည်အထိဖြစ်ပြီး၊ ဌာနကြီးမှူး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ ဆရာတော်များ၏ ရာထူးသက်တမ်းသည် သက်တော် ၆၅ နှစ် ပြည့်သည်အထိ ဖြစ်သည်။

(ဃ) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ဌာနကြီးမှူးနှင့် ပါမောက္ခဆရာတော်များသည် ရာထူးသက်တမ်း ပြည့်ပြီးသော်လည်း ကျန်းမာရေးကောင်းမွန်၍ တာဝန်များကို ဆက်လက် ထမ်းဆောင်နိုင်စွမ်းရှိပါက ဝန်ကြီးဌာနသည် တစ်နှစ်လျှင်တစ်ကြိမ်ဖြင့် ငါးကြိမ်အထိ သက်တမ်းတိုးမြှင့်ခြင်းကို အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

(င) ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုက နုတ်ထွက်ခွင့်ရှိသည်။ ပါမောက္ခချုပ်ဖြစ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ လည်းကောင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဖြစ်ပါက ဝန်ကြီးဌာနသို့လည်းကောင်း စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

(စ) ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့သည် ပုဒ်မ ၁၈တွင် ပြဋ္ဌာန်းထားသော ဂုဏ်အင်္ဂါအရည်အချင်းတစ်ခုခု ပျက်ယွင်းခြင်း သို့မဟုတ် ပေးအပ်သောတာဝန်ကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်းစသည့် အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း ဩဝါဒါစရိယအဖွဲ့က ဆုံးဖြတ်ပါက ပါမောက္ခချုပ်ဖြစ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ဖြစ်လျှင် ကောင်စီ၏ သဘောတူညီချက်ဖြင့် လည်းကောင်း တာဝန်မှ ရပ်စဲခြင်းကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

(ဆ) ရာထူးသက်တမ်း ကုန်ဆုံးခြင်းကြောင့်ဖြစ်စေ၊ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ပျံလွန်တော်မူခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခု ပေါ်ပေါက်ခြင်းကြောင့်ဖြစ်စေ ပါမောက္ခချုပ် သို့မဟုတ်

ဒုတိယပါမောက္ခချုပ်(သင်ကြား)ရာထူးနေရာ လစ်လပ်ပါက ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပါမောက္ခချုပ် သို့မဟုတ် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့ကို ခန့်အပ်ရမည်။"

၁၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၁၈ တွင်-

(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော "ပါရဂူဘွဲ့"ဆိုသည့် စကားရပ်ကို "ဗုဒ္ဓဘာသာစာပေဆိုင်ရာ ပါရဂူဘွဲ့တစ်ခုခုကို"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဃ)တွင်-

(၁) ခြေဆင်း၌ ပါရှိသော "သုံးခု"ဆိုသည့် စကားရပ်ကို "နှစ်ခု"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(၂) ပုဒ်မခွဲငယ်(၁)၌ ပါရှိသော "မဟာ"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(၃) ပုဒ်မခွဲငယ်(၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ) သို့မဟုတ် သာသနတက္ကသီလမဟာဓမ္မာစရိယ၊"

(ဂ) ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၈) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၈) မိမိမှားမှန်းသိလျှင် အလျော့ပေးခြင်း၊ ပြောလွယ်ဆိုလွယ်ဖြစ်ခြင်း "သောဝစဿတာဂုဏ်"။"

(ဃ) ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဇ) တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ သင်ကြားရေး အစရှိသည့် လုပ်ငန်းအရပ်ရပ်ကို ဦးစားပေး၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်သော ဆရာတော်ဖြစ်ရမည်။"

(င) ပုဒ်မခွဲ(ဇ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) တက္ကသိုလ်တွင် ပါမောက္ခ သို့မဟုတ် ဌာနကြီးမှူးလုပ်သက် အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့သော ဆရာတော် ဖြစ်ရမည်။"

၁၂။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၂၂ တွင်-

(က) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၁)၌ ပါရှိသော "တက္ကသိုလ်"ဆိုသည့် စကားရပ်ကို "အစိုးရတက္ကသိုလ်တစ်ခုခု"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ)   ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)ကို ပယ်ဖျက်ရမည်။

၁၃။   အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ ပုဒ်မ ၂၈ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်